# ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

**နိဒါန်း**

၁။ ချင်းအမျိုးသားများသည် မိမိတို့၏နယ်မြေကို နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ မကျရောက်မီ ကိုယ့်ကြမ္မာကိုယ်ဖန်တီးလျက် လွတ်လပ်စွာစီမံအုပ်ချုပ်ခဲ့ကြရာက နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်သည့်အချိန်တွင် ၁၈၉၆-ချင်းတောင်တန်းဒေသဥပဒေ (Chin Hills Regulation, 1896)ဖြင့် အုပ်ချုပ်ခံခဲ့ရပြီး ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ရှမ်း၊ ကချင် တိုင်းရင်းသားများနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာအစိုးရကိုယ်စားလှယ်များပူးပေါင်းလျက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြင့် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံကို အတူတကွ တည်ထောင်ခဲ့ကြသည့်အပြင် လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက်လည်း သစ္စာရှိရှိ ပါဝင်ဆောင်ရွက် ခဲ့ကြသည်ကို သမိုင်းသက်သေ တည်ခဲ့ပြီးဖြစ်သည်။

၂။ ချင်းတိုင်းရင်းသားတို့၏ နယ်မြေသည်လည်း ပင်လုံစာချုပ်အရ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်လာခဲ့ရာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ချင်းဝိသေသတိုင်းဟူ၍လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ် ဟူ၍လည်းကောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၉အရ ချင်းပြည်နယ်ဟူ၍လည်းကောင်း နယ်မြေပိုင်းခြား သတ်မှတ်ပါဝင်ခဲ့ပါသည်။

၃။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ချင်းလူမျိုးများသည်လည်း ချင်းပြည်နယ်အတွင်းသာမက ချင်းပြည်နယ်ပြင်ပ မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားတွင် ပြန့်ကျဲနေထိုင်လျက်ရှိသည်ဖြစ်ရာ ချင်းအမျိုးသားတစ်ရပ်လုံးအနေဖြင့် စစ်မှန်သော ဒီမိုကရေစီရရှိရေး၊ စစ်မှန်သော ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် အခြားတိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည် ဆောင်ရွက်ရန် လိုအပ်လာသည်ဖြစ်၍ ချင်းအမျိုးသားတစ်ရပ်လုံးအရေးအတွက် စည်းလုံးညီညွတ်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီများ** ပေါင်းစည်းပြီး **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီများ (Chin National League For Democracy - CNLD)** ကို ၂၀၁၈ခုနှစ် စက်တင်ဘာလ(၂၈)ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။

## အခန်း (၁)

**ပါတီအမည်**

၁။ (က) ဤပါတီ၏ အမည်သည် "**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**" ဟု ခေါ်သည်။

(ခ) အင်္ဂလိပ်ဘာသာဖြင့် **Chin National League for Democracy** ဟု ခေါ်သည်။

(ဂ) အတိုကောက်အားဖြင့် **CNLD** ဟုသုံးနှုန်းရမည်။

## အခန်း (၂)

**ပါတီ၏အလံနှင့် တံဆိပ်**

၂။ (က) ပါတီ၏ အလံမှာ အောက်တွင်ဖော်ပြသည့် ပုံအတိုင်းဖြစ်သည်။



(ခ) အလံ၏ ထိပ်ဆုံးတွင် အပြာရောင်၊ အလယ်တွင် အနီရောင်နှင့် အောက်ဆုံးတွင် အစိမ်းရောင်ဖြင့် သုံးရောင်ခြယ်ထားသော အလံဖြစ်ပြီး၊ သုံးပုံတစ်ပုံစီ အလျားလိုက် အညီအမျှ ပိုင်းထားသည်။ အလံ၏ ဝဲဘက်ထိပ်ထောင့်တွင် ကြယ်ဖြူတစ်ပွင့် ပါရှိသည်။ အရောင်များ၏ အနက်အဓိပ္ပာယ်မှာ အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ပြတ်သားခြင်း။ အပြာရောင်သည် ငြိမ်းချမ်းခြင်း၊ တည်ကြည်ခြင်း၊ ရိုးသားခြင်း၊ အစိမ်းရောင်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း၊ စည်ပင်သာယာဝပြောခြင်း၊ အဖြူရောင်သည် သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်း အဓိပ္ပာယ်ကို ဆောင်သည်။ ကြယ်ဖြူတစ်လုံးသည် ချင်းအမျိုးသားရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ဖော်ဆောင်သည်။

၃။ **ပါတီ၏ အမှတ်တံဆိပ်**

ပါတီ၏ အမှတ်တံဆိပ်မှာ အောက်တွင်ဖော်ပြထားသော ပုံအတိုင်းဖြစ်ပါသည်။

စက်ဝိုင်းအတွင်း၏ အရောင်မှာ မိုးပြာရောင်ဖြစ်ပြီး၊ ငြိမ်းချမ်းသာယာဝပြောခြင်း အဓိပ္ပာယ်ဆောင်ပါသည်။ စက်ဝိုင်းထဲတွင် မျက်နှာချင်းဆိုင်ထိုင်နေသော အောက်ချင်းငှက် အဖိုနှင့်အမနှစ်ကောင်သည် နွားနောက်ဦးခေါင်းပေါ်တွင် ရှိသည်။ နွားနောက်ဦးခေါင်းအထက်၊ အောက်ချင်းငှက် အဖိုနှင့်အမနှစ်ကောင်ကြားတွင် CNLD စာလုံး ရေးသားထားသည်။

အောက်ချင်းငှက် အဖိုနှင့်အမနှစ်ကောင်သည် သစ္စာရှိခြင်း၊ ကျား၊မ တန်းတူညီမျှခြင်းကို အနက်အဓိပ္ပာယ်ဆောင်ပြီး၊ နွားနောက်ဦးခေါင်းကမူ ဂုဏ်ဒြပ်ကြီးမားခြင်း၊ ရန်ပြေငြိမ်းခြင်း၊ အမျိုးသားအမှတ်လက္ခဏာဖြစ်ခြင်း၊ အောင်မြင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ခြင်း အဓိပ္ပာယ်ဆောင်ပါသည်။

## အခန်း (၃)

### ပါတီ၏ အန္တိမပန်းတိုင်

၄။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အန္တိမပန်းတိုင်မှာ ၁၉၄၇ ပင်လုံသဘောတူစာချုပ်ကို အခြေခံသည့်-

(က) တန်းတူညီမျှမှု တည်ဆောက်ရေး

(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး

(ဂ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး

... စသည်တို့ဖြစ်သည်။

## အခန်း (၄)

### ပါတီ၏ ရည်မှန်းချက်

၅။ ပါတီ၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီစုံဒီမိုကရေစီစနစ်နှင့် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ် တည်ဆောက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူ ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် မိမိကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့် ရရှိရေး။

(ဂ) ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေးကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူညီမျှသော အခွင့်အလမ်းများရရှိရေးနှင့် တပြေးညီဖွံ့ဖြိုးတိုးတက်စေရေး။

(ဃ) ချင်းပြည်နယ်ပြင်ပ၌ ပြန့်ကျဲနေထိုင်ကြသော ချင်းလူမျိုးအနေဖြင့် ဥပဒေအရ ရပိုင်ခွင့်များ အပြည့်အဝ ရရှိနိုင်ရေး။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က လက်မှတ်ရေးထိုးအတည်ပြုပြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းများပါ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ချင်းလူမျိုးအားလုံးသာမက နိုင်ငံသားတိုင်း အပြည့်အဝခံစားရရှိနိုင်ရေး။

(စ) တိုင်းရင်းသားလူနည်းစုများနှင့် ချင်းတိုင်းရင်းသားတို့၏ အခွင့်အရေးကို ထိခိုက်နစ်နာမှု မရှိစေရန် လုံလောက်သောအကာအကွယ်ရရှိရေး။

## အခန်း(၅)

### ပါတီ၏အခြေခံမူများ

၆။ ပါတီ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ဂ) စစ်မှန်သော ဒီမိုကရေစီစနစ်ကို အစဉ်ကျင့်သုံးသည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်ရေးကို အစဉ်ရှေ့ရှုသည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်သည်။

(ဃ) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၊ စနစ်တကျထွန်းကားလာရေးအတွက် အလေးထားဆောင်ရွက်မည်။

(င) စစ်မှန်သောဒီမိုကရေစီရရှိရေး၊ စစ်မှန်သော ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်သော နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လက်တွဲဆောင်ရွက်မည်။

(စ) ချင်းအမျိုးသားရေးအတွက် ရည်မှန်းချက်နှင့် မူဝါဒချင်းတူညီသော ချင်းနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဆ) ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများအရေးကိစ္စအဝဝနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးမှု မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ဆောင်ရွက်သွားမည်။

(ဈ) စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး စသည်များတွင် ဖက်ဒရယ်ချုပ်ကိုင်မှုစနစ် လျှော့ချရေး။

(ည) အနာဂတ် နိုင်ငံတော်ဦးဆောင်မှု အခန်းကဏ္ဍတွင် ချင်းလူငယ်များ ပိုမိုပါဝင်လာနိုင်ရေး။

## အခန်း(၆)

### ပါတီဖွဲ့စည်းတည်ဆောက်ပုံ

၇။ (က) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်-



(ခ) ပါတီကို ပုံတွင်ဖော်ပြထားသည့်အတိုင်း ပါတီအထွေထွေညီလာခံ၊ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ မြို့နယ်အလုပ်အမှုဆောင်ကော်မတီနှင့် ချင်းပြည်နယ်ပြင်ပရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွက် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ၊ ဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီဟူ၍ အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်သည်။

၈။ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ မြို့နယ်အလုပ်အမှုဆောင်ကော်မတီနှင့် ဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီများ၏ ပါတီအထွေထွေညီလာခံ၏ သက်တမ်းနှင့် အညီဖြစ်သည်။

## အခန်း (၇)

### ပါတီအထွေထွေညီလာခံ

၉။ ပါတီအထွေထွေညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင် ဖြစ်သည်။

၁၀။ (က) ပါတီအထွေထွေညီလာခံကို (၅)နှစ်တစ်ကြိမ် ပုံမှန်ခေါ်ယူကျင်းပရမည်။

(ခ) ပါတီအထွေထွေညီလာခံကြားကာလတွင် အရေးပေါ်ညီလာခံခေါ်ယူရန် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် သုံးပုံနှစ်ပုံ သို့မဟုတ် ပါတီအတွင်းရှိ မြို့နယ်များအနက် သုံးပုံနှစ်ပုံက တောင်းဆိုလျှင် ညီလာခံတက်ရောက်ခွင့်ရှိသူများကို တစ်လကြိုတင် အကြောင်းကြား၍ ပါတီဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၁၁။ ပါတီအထွေထွေညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်ရှိသည်။ (တက်ရောက်မည့်ဦးရေကို ဗဟိုအလုပ်မှုဆောင်ကော်မတီက သတ်မှတ်ပေးရမည်။)

(က) နာယကအဖွဲ့ဝင်များ။

(ခ) ဗဟိုကော်မတီအဖွဲ့ဝင်များ။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဃ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များမှ (၅)ဦးစီ (ချင်းပြည်နယ်ပြင်ပမြို့နယ်များအတွက် တက်ရောက်မည့်ဦးရေကို ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ လိုအပ်သလိုစိစစ် သတ်မှတ်မည်။)

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီက အထူးဖိတ်ကြားသော ဧည့်သည်တော်များ (အထူးဖိတ်ကြားခံရသူများသည် မဲပေးပိုင်ခွင့် မရှိစေရ)။

### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ပါတီအထွေထွေညီလာခံ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီအထွေထွေညီလာခံသည် (၅)နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်များကို စိစစ်အတည်ပြုရမည်။

(ခ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက တင်သွင်းသော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာကို ကြားနာခြင်း၊ လက်ခံခြင်း၊ အတည်ပြုခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်ရမည်။

(ဂ) (၅)နှစ်သက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်တင်မြှောက်ပေးရမည်။

(ဃ) ဗဟို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူးများကို ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်တင်မြှောက်ပေးရမည်။

(စ) ပါတီအထွေထွေညီလာခံသည် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်း ပြုလုပ်နိုင်သည်။

## အခန်း(၆)

### ဗဟိုကော်မတီ

၁၃။ ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(ခ) မြို့နယ်အသီးသီးမှ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်ကော်မတီမှ ရွေးချယ်စေလွှတ်သူ (၁)ဦး။

(ဂ) ဌာနအသီးသီးမှ တာဝန်ခံများ။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ။

၁၄။ ဗဟိုကော်မတီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပြုလုပ်ကျင်းပရမည်။

(ခ) ဗဟိုကော်မတီအရေးပေါ်အစည်းအဝေးကို ဗဟိုကော်မတီက ခေါ်ယူနိုင်သည်။

### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီသည် ပါတီအထွေထွေညီလာခံမှ ချမှတ်သော မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက အကောင်အထည်ဖော်ရာတွင် ကြီးကြပ်လမ်းညွှန်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ တင်သွင်းလာသည့် တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးအစီရင်ခံစာများ၊ ရသုံးမှန်းခြေငွေစာရင်းနှင့် အခြားလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို ကြားနာခြင်း၊ လက်ခံခြင်း၊ အတည်ပြုခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်ရမည်။

(ဂ) ပါတီအထွေထွေညီလာခံက ပေးအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

(ဃ) ဗဟိုကော်မတီ၏ သက်တမ်းသည် ပါတီအထွေထွေညီလာခံ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

## အခန်း (၇)

### ဗဟိုအလုပ်အမှုဆောင်ကော်မတီ

၁၆။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီအထွေထွေညီလာခံမတိုင်မီ ပုဒ်မ - ၁၇ အတိုင်း ဖွဲ့စည်းရမည်။

၁၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| ဥက္ကဋ္ဌ | (၁)ဦး |
| ပူးတွဲဥက္ကဋ္ဌ | (၂)ဦး |
| ဒုတိယဥက္ကဋ္ဌ | (၃)ဦး |

အထွေထွေအတွင်းရေးမှူးများ (၃)ဦး
အတွင်းရေးမှူးအဖွဲ့ (၆)ဦး
ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူး (၃)ဦး
အဖွဲ့ဝင်များ (၂၁)ဦး

၁၈။ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ အတွင်းရေးမှူးအဖွဲ့၊ ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူးများသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ အတွင်းရေးမှူးအဖွဲ့၊ ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူးများ ဖြစ်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုံမှန်အစည်းအဝေးကို အနည်းဆုံး(၄)လတစ်ကြိမ် ခေါ်ယူကျင်းပမည်။

(ခ) ကြားကာလတွင် အရေးပေါ် အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက ဥက္ကဋ္ဌ၏ခွင့်ပြုချက် သို့မဟုတ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အများစု၏ သဘောတူညီချက်ဖြင့် ကော်မတီဝင်များသို့ (၂)ပတ်ကြိုတင် အကြောင်းကြား၍ ခေါ်ယူနိုင်သည်။

(ဂ) ဗဟိုကော်မတီအစည်းအဝေးသို့ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာကို မပျက်မကွက် တင်သွင်းရမည်။

(ဃ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများနှင့် ဌာနအသီးသီးမှ တင်သွင်းလာသော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ကြားနာခြင်း၊ လက်ခံခြင်း၊ အတည်ပြုခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်ရမည်။

(င) ဗဟိုကော်မတီက ချမှတ်သော ပါတီ၏မူဝါဒများ၊ ရေ့လုပ်ငန်းစဉ်များ၊ ပါတီစည်းရုံးရေး ကိစ္စရပ်များကို အောင်မြင်စေရန် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(စ) နိုင်ငံရေးပါတီများ၊ လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းများအား တရားဝင်ဆက်သွယ်ဆောင်ရွက်ခြင်း၊ လက်ခံဆက်သွယ်ခြင်းကို ပါတီကိုယ်စား တာဝန်ယူဆောင်ရွက်ရမည်။

(ဆ) ဌာန သို့မဟုတ် လုပ်ငန်းကော်မတီတစ်ခုခုကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

(ဇ) ဌာနအသီးသီး သို့မဟုတ် လုပ်ငန်းကော်မတီများနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဈ) ပါတီအထွေထွေညီလာခံနှင့် ဗဟိုကော်မတီက ပေးအပ်သောအခြားတာဝန်များကို ဆောင်ရွက်ရမည်။

(ည) ပါတီကိုယ်စားပြု၍ ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ မြို့နယ်ကော်မတီက ရွေးချယ်နိုင်ရေးအတွက် ဦးဆောင်ကြီးကြပ်မှုပေးရမည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဗဟိုအလုပ်အမှုဆောင်ကော်မတီက အတည်ပြုသော ကိုယ်စားလှယ်လောင်းသာလျှင် အတည်ဖြစ်ရမည်။

(ဋ) ပါတီ၏ ရသုံးမှန်းခြေငွေစာရင်းကို နှစ်စဉ်ရေးဆွဲပြုစုရမည်။

(ဌ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီအထွေထွေညီလာခံ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဍ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဦးလစ်လပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဗဟိုကော်မတီဝင်တစ်ဦးဦးကို အစားထိုးခန့်အပ်ပြီး အနီးဆုံး ဗဟိုကော်မတီအစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

(ဎ) ပါတီ၏ ပြောရေးဆိုခွင့်ရှိသူများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်ပေးရမည်။

(ဏ) ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ပါတီအထွေထွေညီလာခံက ဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်များကို အရေးပေါ်ဆောင်ရွက်ရန် လိုအပ်လာပါက ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ လေးပုံသုံးပုံ (၃/၄) သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်၊ အဆိုပါ ဆောင်ရွက်ချက်များကို အနီးစပ်ဆုံး ပါတီညီလာခံတွင် အတည်ပြုချက် ယူရမည်။

### အခန်း(၁၀)

**ပါတီဌာနချုပ်**

၂၀။ ပါတီဌာနချုပ်ကို ရန်ကုန်မြို့၌ အခြေချရုံးစိုက်မည်။

၂၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (CEC)၏ ပုံမှန်အစည်းအဝေးကို-

(က) ဌာနချုပ်တည်ရှိရာ ရန်ကုန်တွင် ကျင်းပပြုလုပ်ရမည်။

(ခ) လိုအပ်ပါက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခြားနေရာဒေသတွင်လည်း ပြောင်းရွှေ့ကျင်းပနိုင်သည်။

### အခန်း(၁၁)

**မြို့နယ်ညီလာခံ**

၂၂။ မြို့နယ်ညီလာခံသည် မိမိမြို့နယ်ပါတီအတွင်း အမြင့်ဆုံးသော အာဏာပိုင်ဖြစ်သည်။

၂၃။ မြို့နယ်ညီလာခံတွင် အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်ရှိသည်-

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်အနည်းဆုံး (၁)ဦးစီ။

(ဂ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီမှ ဖိတ်ကြားသူများ (အများဆုံး (၃)ဦးထက် မပိုစေရ)။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ကိုယ်စားလှယ်(၂)ဦး။

၂၄။ မြို့နယ်ညီလာခံကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်-

(က) (၅)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပရမည်။

(ခ) အရေးပေါ်မြို့နယ်ညီလာခံကို ခေါ်ယူလိုက မြို့နယ်အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌက မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင် ထက်ဝက်ကျော် သဘောတူညီချက်နှင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် (၁၅)ရက်ကြိုတင် အကြောင်းကြား၍ ခေါ်ယူကျင်းပနိုင်မည်။

၂၅။ မြို့နယ်ညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို သင့်တော်သောဦးရေဖြင့် ဖွဲ့စည်းတာဝန်ခွဲဝေပေး ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ချမှတ်ထားသည့်လုပ်ငန်းလမ်းညွှန်မှုများ အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရေး မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ ရေး ဆွဲပေးရမည်။

## အခန်း(၁၂)

### မြို့နယ်အလုပ်အမှုဆောင်ကော်မတီ

၂၆။ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိမြို့နယ်အတွင်း ပါတီစည်းရုံးရေးကို အဓိကလုပ်ဆောင်ရမည်။

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီများကို သင့်တော်သောဦးရေဖြင့် ဖွဲ့စည်းနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

(ဂ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ ပုံမှန်အစည်းအဝေးကို (၃)လတစ်ကြိမ် ကျင်းပရမည်။

(ဃ) အရေးပေါ်အစည်းအဝေး ခေါ်ယူရန်လိုအပ်ပါက မြို့နယ်အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၏ သဘောတူညီချက်ဖြင့် ခေါ်ယူကျင်းပနိုင်သည်။

(ဃ) မြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ကောင်းမွန်သောဆက်သွယ်မှုရှိရမည်။

(င) မြို့နယ်အတွင်း ပါတီလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေများကို တရားဥပဒေနှင့်အညီ ရှာဖွေစုဆောင်းခြင်းနှင့် စနစ်တကျသုံးစွဲခြင်းတို့ ပြုလုပ်နိုင်သည်။

(စ) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းရမည်။

## အခန်း(၁၃)

### ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ

၂၇။ ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီကို မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် သင့်တော်သလို ဖွဲ့စည်းရမည်။

၂၈။ ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် မြို့နယ်ညီလာခံသက်တမ်းနှင့်အညီ ဖြစ်သည်။

၂၉။ ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီစည်းရုံးရေးကို အဓိကဆောင်ရွက်ရမည်။

(ခ) ပါတီစုံရွေးကောက်ပွဲ ကျင်းပရာတွင် မိမိပါတီကိုယ်စားပြု၍ လိုအပ်သောအခန်းကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်ရမည်။

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်တာဝန်ရှိသူများနှင့် ကောင်းမွန်သောဆက်သွယ်မှုရှိရမည်။

(ဃ) ပါတီနှင့်စပ်လျဉ်း၍ ထူးခြားဖြစ်စဉ်ရှိပါက မြို့နယ်အလုပ်အမှုဆောင်ကော်မတီသို့ ချက်ချင်းအစီရင်ခံ တင်ပြရမည်။

## အခန်း(၁၄)

### အစည်းအဝေးကျင်းပခြင်း

၃၀။ (က) အစည်းအဝေးတိုင်းတွင် တက်ရောက်ခွင့်ရှိသူဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

(ခ) အကယ်၍ အစည်းအဝေးအထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ဂ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသူများအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၃၁။ (က) အစည်းအဝေးတွင် အဆုံးအဖြတ်ပြုလုပ်ရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးခွင့်ရှိသည့်ဦးရေ၏ များရာဆန္ဒဖြင့် ဆုံးဖြတ်ရမည်။

(ခ) အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စရပ်များ၌ သဘာပတိအဖြစ် ဆောင်ရွက်သူသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက် တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ဂ) ပါတီအတွက် အထူးအရေးကြီးပြီး သဘောထားကွဲလွဲသော အခြေအနေ၌ ဆန္ဒမဲပေးရာတွင် မြင်သာသော လက်ထောင်စနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့်ဖြစ်စေ ဆန္ဒမဲပေးနိုင်သည်။

၃၂။ (က) ပါတီအထွေထွေညီလာခံ၊ ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) မြို့နယ်ညီလာခံနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးများတွင် မြို့နယ်အလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၃၃။ (က) ပါတီအထွေထွေညီလာခံ၊ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးများတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အထွေထွေအတွင်းရေးမှူးသည် အခမ်းအနားမှူး သို့မဟုတ် အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ရမည်။

(ခ) မြို့နယ်အထွေထွေညီလာခံနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင် အတွင်းရေးမှူးသည် အခမ်းအနားမှူး သို့မဟုတ် အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူးက အခမ်းအနားမှူး သို့မဟုတ် အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း(၁၅)

**ဥက္ကဋ္ဌ**

၃၄။ ပါတီဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အဓိကတာဝန်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

(ခ) ပူးတွဲဥက္ကဋ္ဌများသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥက္ကဋ္ဌနှင့်အတူ အဓိကတာဝန်ရှိသူများ ဖြစ်သည်။

(ဂ) ဥက္ကဋ္ဌသည် ပါတီတစ်ခုလုံးကို ကိုယ်စားပြုပြီး စီမံခန့်ခွဲခွင့်ရှိသည်။

(ဃ) ဥက္ကဋ္ဌသည် ပါတီ၏မူဝါဒ၊ ရေ့လုပ်ငန်းစဉ်များ၊ ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီကို ဦးဆောင်လမ်းညွှန်မှု ပေးရမည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို တာဝန်ခွဲဝေပေးအပ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) ဥက္ကဋ္ဌသည် ပါတီအရေးကိစ္စများနှင့်စပ်လျဉ်း၍ လတ်တလောဆုံးဖြတ် ဆောင်ရွက်ရန် လိုအပ်ပါက လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထိုသို့ ဆုံးဖြတ်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အနီးစပ်ဆုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ အစီရင်ခံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

**ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃၅။ ဒုတိယဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌမှ ပေးအပ်သောတာဝန်များကို ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌသည် ယာယီအားဖြင့် တာဝန်မထမ်းဆောင်နိုင်သည့်အခါမျိုးတွင် ဒုတိယဥက္ကဋ္ဌများက အစဉ်လိုက် တာဝန်ယူရမည်။

(ဂ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သီးခြားပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

(ဃ) အကြောင်းအမျိုးမျိုးကြောင့် ပါတီအထွေထွေညီလာခံ မကျင်းပမီစပ်ကြား ဥက္ကဋ္ဌနေရာ လစ်လပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် ရွေးချယ်ခံရသူသည် ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ယာယီရွေးချယ်တင်မြှောက်ခံရသော ဥက္ကဋ္ဌကို လက်ခံအတည်ပြုပေးရန် ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(စ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တင်ပြချက်ကို ဗဟိုကော်မတီက အတည်ပြုပြီး ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ပေးအပ်နိုင်သည် သို့မဟုတ် အခြားလူအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၁၆)

**အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ**

၃၆။ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီ၏လုပ်ငန်းတာဝန်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ပါတီ၏လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနကော်မတီများ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်ရမည်။

(ဂ) အစည်းအဝေးတွင် အခမ်းအနားမှူး သို့မဟုတ် အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး အထွေထွေအတွင်းရေးမှူးမှ တာဝန်ပေးအပ်သူက မှတ်တမ်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အထွေထွေအတွင်းရေးမှူး သို့မဟုတ် အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦးဦးက အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(င) ပါတီပိုင်ပစ္စည်းများကို မပျောက်မပျက်စေရန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) အတွင်းရေးမှူးအဖွဲ့ဝင်များသည် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးက သီးခြားပေးအပ်သော ပါတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ဆ) အထွေထွေအတွင်းရေးမှူး နေရာလစ်လပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် ရွေးချယ်ခံရသော အတွင်းရေးမှူးသည် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။

(ဇ) ပါတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်နှင့် ကြီးကြပ်မှုအောက်တွင် ပါတီလုပ်ငန်းစဉ်အတွက် ပါတီငွေကြေးများကို စနစ်တကျစီမံသုံးစွဲရမည်။

## အခန်း(၁၇)

### ဌာနများ

၃၇။ ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်းထားရှိသည်။

(က) အမျိုးသမီးဌာန

(ခ) လူငယ်ဌာန

(ဂ) ဘဏ္ဍာရေးဌာန

(ဃ) သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန

(င) စည်းရုံးရေးနှင့် လူမှုဆက်ဆံရေးဌာန

(စ) သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန

(ဆ) လွှတ်တော်အထောက်အကူပြုဌာန

(ဇ) မူဝါဒနှင့် ဥပဒေရေးရာဌာန

(ဈ) ချင်းယဉ်ကျေးမှုနှင့် သမိုင်းပြုစုရေးဌာန

(ည) ပညာရေးနှင့် ကျန်းမာရေးဌာန

၃၈။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် ပါတီအတွက် လိုအပ်သောဌာနများကို တိုးချဲ့ဖွဲ့စည်းနိုင်သည်။ ဌာနတာဝန်ခံများကို ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

၃၉။ ဌာနများသည်-

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီက ပေးအပ်သောတာဝန်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေရှာဖွေ၍ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

## အခန်း(၁၈)

### ဘဏ္ဍာရေးဌာန

၄၀။ ပါတီပိုင်ငွေကြေးများကို ပါတီအမည်ဖြင့် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က ဘဏ်စာရင်းဖွင့်၍ ဘဏ်စာအုပ်အား ဘဏ္ဍာရေးမှူးက ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

၄၁။ ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မိမိလက်ဝယ်၌ အများဆုံး ကျပ်နှစ်သိန်းအထိသာ ငွေသားဖြင့် ထားခွင့်ရှိသည်။

(ခ) မိမိလက်ဝယ်၌ ထားခွင့်ရှိသော ငွေကြေးထက်ပိုသော ပါတီငွေများကို ဘဏ်၌ ဘဏ်စာအုပ်ဖြင့် အပ်နှံထားရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီက ကြိုတင်ဆုံးဖြတ်ခွင့်ပြုထားသော ကိစ္စရပ်များမှအပ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာ ပါတီပိုင်ငွေကြေးများကို သုံးစွဲခွင့်ရှိသည်၊

(ဃ) ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပါတီငွေထုတ်ယူသုံးစွဲသည့်ကိစ္စနှင့်ပက်သက်၍ အနီးစပ်ဆုံး ဗဟို အလုပ်အမှုဆောင်အစည်းအဝေး၌ တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

(င) ပါတီဝင်ငွေ၊ ထွက်ငွေနှင့်လက်ကျန်ငွေ စာရင်းမှတ်တမ်းစာအုပ်များကို စနစ်တကျထိန်း သိမ်းထားရှိရမည်။

(စ) ပါတီ၏ ဝင်ငွေ၊ ထွက်ငွေနှင့် လက်ကျန်ငွေရှင်းတမ်းတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် ပုံမှန်တင်ပြရမည်၊

၄၂။ အကြောင်းအမျိုးမျိုးကြောင့် ဘဏ္ဍာရေးမှူးသည် တာဝန်မထမ်းဆောင်နိုင်သည့်အခါ တွဲဖက် ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးတာဝန်ကို ထမ်းဆောင်ရမည်။

**စာရင်းစစ်များ**

၄၃။ စာရင်းစစ်အဖွဲ့များကို အောက်ပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းရမည်-

(က) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင် သုံးဦးဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင်သုံးဦးဖြင့် မြို့နယ် အလုပ်အမှုဆောင်ကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်၊

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင်သုံးဦးဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်၊

၄၄။ စာရင်းစစ်အဖွဲ့၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီ၏ငွေစာရင်းများနှင့် ပါတီပိုင်ပစ္စည်းစာရင်းများကို နှစ်စဉ်စစ်ဆေးရမည်။

(ခ) ဘဏ္ဍာရေးအခြေအနေနှင့် ငွေစာရင်းများကို လွတ်လပ်စွာ စစ်ဆေးခွင့်ရှိသည်။

(ဂ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်မှုဆောင်တို့၏ စာရင်းစစ်အဖွဲ့သည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ချုပ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကော်မတီအစည်းဝေး၌လည်းကောင်း၊ မြို့နယ်စာရင်း စစ်အဖွဲ့သည် မြို့နယ်အလုပ်မှုဆောင်ကော်မတီ အစည်းဝေး၌လည်းကောင်း၊ ကျေးရွာ စာရင်းစစ်အဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ၏ အစည်းဝေး၌ လည်းကောင်း တင်ပြအစီရင်ခံရမည်။

## အခန်း(၁၉)

**ရန်ပုံငွေရှာဖွေရေး**

၄၅။ ဗဟိုလုပ်အမှုဆောင်ကော်မတီသည် ရန်ပုံငွေရှာဖွေရေး သီးသန့်ကော်မတီတစ်ခု ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်၊

၄၆။ ပါတီဝင်များ၏ နှစ်စဉ်ကြေးနှင့် လစဉ်ကြေးကို ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ လိုအပ်သလို သတ်မှတ်ကာ ကောက်ခံရမည်။

၄၇။ ပါတီကိုယ်စားပြုသည့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း (Candidates) များကို ကိုယ်စားလှယ် လောင်းမှတ်ပုံတင်ကြေး (Candidate fee) အဖြစ် လိုအပ်သလို ကောက်ခံခွင့်ရှိသည်၊

၄၈။ ပါတီကိုယ်စားပြု အနိုင်ရရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးတာဝန်တစ်ခုခုတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များအား ပါတီ၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သတ်မှတ်ပေးထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။

၄၉။ ရွေးကောက်ပွဲရန်ပုံငွေအတွက် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေနှင့်အညီ အလှူခံခွင့်ရှိသည်။

## အခန်း(၁၀)

### ပါတီဝင်များ စိစစ်လက်ခံခြင်း၊ ပါတီဝင်အရည်အချင်း

၅၀။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများကို လက်ခံယုံကြည်၍ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများသည် သတ်မှတ်ထားသော ပါတီဝင်ပုံစံဖြင့် ပါတီဝင်အဖြစ် လျှောက်ထားနိုင်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူဖြစ်ခြင်း။

(ခ) အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ခြင်း။

(ဂ) သာသနာ့ဝန်ထမ်း မဟုတ်ခြင်း။

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း။

(င) ထောင်ကျခံနေရသူ မဟုတ်ခြင်း။

(စ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများကို ကျူးလွန်သည်ဟု နိုင်ငံတော်မှ သတ်မှတ်ထားသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း။

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူမဟုတ်ခြင်း။

(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူမဟုတ်ခြင်း။

(ဈ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ(၆)ပါ အချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူဖြစ်ခြင်း။

၅၁။ ပါတီဝင်အဖြစ် လျှောက်ထားလိုသူသည် လက်ရှိပါတီဝင်ဖြစ်သူတစ်ဦး၏ ထောက်ခံချက်ကိုရယူပြီး လျှောက်ထားရမည်။

၅၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စိစစ်လက်ခံရမည်။

## အခန်း(၁၁)

### ပါတီစည်းကမ်းများ

၅၃။ ပါတီဝင်များသည် -

(က) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေအရ ပါတီများ၊ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ဥပဒေနှင့် နည်းဥပဒေများအားလုံးကို တသွေမတိမ်းလိုက်နာရမည်။

(ခ) ပါတီအတွင်းရှိ ဒေသမြို့နယ်ကို အကြောင်းပြု၍ ခွဲခြား၊ တိုက်ခိုက်၊ စွပ်စွဲ၊ ပြောဆိုခြင်း လုံးဝမပြုရ။

(ဂ) ပါတီ၏ အတွင်းရေးကိစ္စများကို ပါတီပြင်ပသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတင်းပေါက်ကြားခြင်း မပြုလုပ်ရ။

(ဃ) ပါတီနာမည်ဖြင့် ဥပဒေနှင့်မညီသော အလှူငွေကောက်ခံခြင်း သို့မဟုတ် လက်ခံခြင်း လုံးဝမပြုလုပ်ရ။

(င) ပါတီမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ရည်ရွယ်ချက်များ၊ မူဝါဒလမ်းစဉ်များ၊ လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို တသွေမတိမ်း လိုက်နာရမည်။

(စ) ပါတီ၏ နာမည်နှင့်ဂုဏ်သိက္ခာကို ထေးသိမ်ညှိုးနွမ်းထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ နေထိုင်သွားလာမှု၊ ဝတ်စားဆင်ယင်မှုနှင့် သောက်စားမူးယစ်မှုများကို ရှောင်ကြဉ်ရမည်။

(ဆ) ပါတီ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေမည့် ပြုမူဆောင်ရွက်မှုနှင့် ပြောဆိုမှုများကို ရှောင်ကြဉ်ရမည်။

(ဇ) ပါတီဝင်တစ်ဦးသည် အခြားပါတီတစ်ခုခုတွင် ပါဝင်ခြင်းမရှိရ။

(ဈ) အခြားပါတီဝင်သူတစ်ဦးအား သူ၏မိခင်ပါတီမှ တရားဝင်နှုတ်ထွက်ခြင်းမပြုဘဲ ဤပါတီ၌ ပါတီဝင်အဖြစ် လက်ခံခြင်းမပြုရ။

## အခန်း (၂၂)

### ပါတီဝင်ခြင်းနှင့် ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း

၅၄။ ပါတီဝင်ကြေးကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်တော်သလို သတ်မှတ်ရမည်။

၅၅။ ပါတီဝင်များသည်-

(က) ပါတီအစည်းအဝေးတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည်။

(ခ) ပါတီတွင်းရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(ဂ) ပါတီနာမည်ဖြင့် တည်ဆဲဥပဒေနှင့်အညီသက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံ (Candidate) ခွင့်ရှိသည်။

၅၆။ ပါတီဝင်များကို အောက်ပါကိစ္စတစ်ရပ်ရပ်ဖြင့် ပါတီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) မိမိဆန္ဒသဘောဖြင့် နှုတ်ထွက်ခြင်း။

(ခ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အကြောင်းတစ်ခုခုကြောင့် ထုတ်ပယ်ခြင်း။

(ဂ) ကွယ်လွန်အနိစ္စရောက်ခြင်း။

(ဃ) ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်တစ်ခုခုတွင် ပါတီဝင်ဖြစ်ခြင်း။

(င) ပါတီမှ ရပ်စဲခြင်းခံရသူသည် ပါတီဝင်ကတ်ပြားကို ပြန်လည်အပ်နှံရမည်။

## အခန်း (၂၃)

### ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ အသစ်ရေးဆွဲခြင်း

၅၇။ (က) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အခန်း(၁) အပိုဒ်(၁)၊ အခန်း(၃) အပိုဒ်(၄)၊ အခန်း (၄) အပိုဒ်(၅)၊ အခန်း(၅) အပုဒ်(၆) ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက် အစားထိုး

လိုပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၇၅%ကျော်ထောက်ခံမဲနှင့် ပါတီအထွေထွေညီလာခံ၏ လေးပုံသုံးပုံကျော်၏ ထောက်ခံမဲဖြင့် ပြင်ဆင်ပြုလုပ်နိုင်သည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပုဒ်မ ၅၇(က)မှအပ ကျန်သောပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပါတီအထွေထွေညီလာခံတွင် အစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ်ဦးရေ၏ သုံးပုံနှစ်ပုံ ထောက်ခံမဲဖြင့် ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ အသစ်ရေးဆွဲခြင်း ပြုလုပ်နိုင်ပါသည်။

## အခန်း (၂၄)

## ကြားကာလအတွက် အထွေထွေပြဋ္ဌာန်းချက်များ

၅၈။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပထမအကြိမ် အထွေထွေညီလာခံ ကျင်းပပြီးစီးသည်အထိ ကြားကာလအတွင်း အောက်ပါအတိုင်းကျင့်သုံးရမည်။

(က) ပါတီများ၏ လက်ရှိဥက္ကဋ္ဌများသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌတာဝန်ကို ပူးတွဲထမ်းဆောင်ရမည်။

(ခ) ပါတီများ၏လက်ရှိဒုတိယဥက္ကဋ္ဌများသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ပူးတွဲထမ်းဆောင်ရမည်။

(ဂ) ပါတီများ၏ လက်ရှိအတွင်းရေးမှူးများသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပူးတွဲအတွင်းရေးမှူးများဖြစ်သည်။

(ဃ) ဥက္ကဋ္ဌများသည် ပါတီတည်ထောင်ခွင့် မှတ်ပုံတင်ရရှိသည့်နေ့မှစ၍ ပါတီဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်ရမည်။

(င) အထွေထွေအတွင်းရေးမှူးများသည်လည်း အလှည့်ကျတာဝန်ထမ်းဆောင်ရမည်။

(စ) မြို့နယ်အဆင့်ကော်မတီများကို ရှိရင်းစွဲကော်မတီများအပေါ်အခြေပြု၍ ပေါင်းစပ်ဖွဲ့စည်းရမည်။

(ဆ) ပထမအကြိမ် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေညီလာခံကို ပြည်ထောင်စု အထွေထွေရွေးကောက်ပွဲနေ့အပြီး ရက်ပေါင်း (၉၀) အတွင်း ကျင်းပရမည်။

===== ပြီး =====